ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်

P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

## (၁၄၆)နှစ်မြောက်၊ကရင်နီအမျိုးသားနေ့အခန်းအနားသို့ပေးပို့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဥက္ကဋ္ဌ၏ သဝဏ်လွှာ

ချစ်ခင်လေးစားရပါသော ကရင်နီအမျိုးသားနှင့် ကရင်နီပြည်သူလူထုအပေါင်းတို့--

၂၀၂၁ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ကျရောက်သည့် (၁၄၆) နှစ်မြောက်၊ ကရင်နီအမျိုးသားနေ့မှာ ကရင်နီအမျိုးသားများထုတစ်ရပ်လုံး ကိုယ်စိတ်နှလုံးရွှင်လန်းချမ်းမြေ့ပြီး၊ မင်္ဂလာအပေါင်းနဲ့ ခညောင်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်၊

ကရင်နီပြည်ဟာသီးခြားလွတ်လပ်တဲ့ တိုင်းပြည်တစ်ပြည်ဖြစ်ကြောင်း ၁၈၇၅ခုနှစ်၊ ဇွန်လ(၂၁) ရက်နေ့မှာပဲ ဗမာဘုရင်ကင်းဝန်မင်းကြီးနဲ့ဗြိတိသျှဘုရင်ခံချုပ် ဆာဒေါ်ကလပ်ဖော့ဆက်တို့က လက်မှတ်ရေးထိုးအသိအမှတ်ပြုခဲ့ကြတာပဲဖြစ်တယ်၊ အဲဒီလိုဗမာဘုရင်အစိုးရနဲ့ ဗြိတိသျှအစိုးရတို့က နှစ်ဖက်ကရင်နီပြည်ကို သီးခြားလွတ်လပ်တဲ့ပြည်တစ်ပြည်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့တဲ့နေ့ကိုပဲ ကရင်နီအမျိုးသားနေ့အဖြစ်သတ်မှတ်ပြီး ကရင်နီအမျိုးသားများအနေနဲ့ မားမားမတ်မတ်ရပ်တည် နေထိုင်လာခဲ့ကြတာဖြစ်ပါတယ်။

ယခုအချိန်ကာလဟာ မိမိတို့ ကရင်နီအမျိုးသားထုတစ်ရပ်လုံး စစ်အာဏာရှင်ရဲ့ မတရားဖိနှိပ်၊ အနိုင်ကျင့် သတ်ဖြတ်မှုကို ခံစားနေရတဲ့ အချိန်ကာလဖြစ်ပါတယ်၊ မိမိတို့ပိုင်ဆိုင်တဲ့ ဘိုးဘွားပိုင်မြေ၊ အိမ်ယာတွေကို စွန့်ခွါခဲ့ပြီး စစ်ဘေးရှောင်ဘဝနဲ့ တောထဲတောင်ထဲမှာ စားစရာမလုံမလောက်၊ ဆေးဝါးမပြည့်စုံပဲ အမိုးအကာမရှိတဲ့အောက်မှာ ဆင်းရဲဒုက္ခမျိုးစုံ ကိုခံစားနေရတာဖြစ်ပါတယ်။

ဒီနေ့ကျရောက်တဲ့ ကရင်နီအမျိုးသားနေ့မှာ ကျနော့အနေနဲ့ ကရင်နီအမျိုးထုတစ်ရပ်လုံးကို အထူးမှာကြားလိုတာကတော့ မိမိတို့အနေနဲ့ ကရင်နီအမျိုးသားရေးစိတ်ဓါတ်တွေအမြဲတမ်းရှင်သန်နေဖို့ လိုအပ်နေသလို၊ အမျိုးသားချင်းစည်းလုံးညီညွတ်ရေးဟာ အထူးလိုအပ်နေတဲ့အချိန်ကာလဖြစ်နေပါတယ်၊ ဒ့ါအပြင် ကရင်နီအမျိုးသားများဟာ ယနေ့ဖြစ်ပျက်ပြောင်းလဲနေတဲ့ နိုင်ငံရေးအခြေအနေ၊ အချိန်ကာလမှာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်များနဲ့အတူ ကရင်နီအမျိုးသားများအကြား ဘုံသဘောထား ရရှိရေးဟာ အမြန်ဆုံးလိုအပ်နေပါတယ်။

ကရင်နီအမျိုးသားအားလုံးဟာ ဒီနေ့ဒီအချိန်မှာ အမျိုးသားရေးဆိုတဲ့ ဘုံအကျိုးစီးပွားကို ဦးထိပ်ထားပြီး ကရင်နီတစ်မျိုးသားလုံးရဲ့ အခန်းကဏ္ဍကို ဦးထိပ်ထားပြီး ဆောင်ရွက်ကြဖို့လိုအပ်နေပါတယ်၊ ဒါမှသာ ကျနော်တို့ ကရင်နီအမျိုးသားများအားလုံး စစ်အာဏာရှင်ကို တပြိုင်နက်တည်းတွန်းလှန်နိုင်ပြီး တည်ငြိမ်အေးချမ်းတဲ့ လူ့ဘောင်သစ် တစ်ရပ်ကို ပြန်လည်တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကျနော်တို့အားလုံးရဲ့ ရင်ထဲမှာ ကရင်နီအမျိုးသားဆိုတဲ့ စိတ်ဓါတ်တွေရှင်သန်နေသရွေ့ ဘယ်လိုဘုံရန်သူကိုမဆို တွန်းလှန်အောင်ပွဲခံနိုင်မယ်ဆိုတာ လေးလေးနက်နက်ယုံကြည်ထားကြဖို့ လိုအပ်ပါတယ်၊ ကရင်နီအမျိုးသားများအားလုံးဟာလည်း ရောက်ရှိတဲ့နေရာမှာ အမျိုးသားရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းတတ်နိုင်စွမ်းရှိသလောက် တစ်ဖက်တစ်လမ်းကနေပါဝင်သွားကြဖို့ ကျနော့အနေနဲ့ တိုက်တွန်းလိုပါတယ်။ နောက်ဆုံး ကျနော့အနေနဲ့ မှာကြားလိုတာကတော့ ကျနော်တို့ ကရင်နီအမျိုးသားထုတစ်ရပ်လုံး စစ်အာဏာရှင်ပြုတ်ကျရေးနဲ့ အမျိုးသားများဘဝ တည်ငြိမ်အေးချမ်းရေးအတွက် အမျိုးသားတိုင်းမှာ တာဝန်ရှိနေကြတယ်ဆိုတာ မမေ့မလျော့ကြဖို့နဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့်လည်း ပြည်သူနဲ့တစ်သားတည်း ရပ်တည်လျက်ရှိနေပါကြောင်း ၂၀၂၁ခုနှစ်၊ ဇွန်လ(၂၁) ရက်နေ့မှာ ကျရောက်တဲ့ ကရင်နီအမျိုးသားနေ့မှာ အထူးမှာကြားရင်း ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းသာယာတဲ့ လူမှုဘဝကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ကြပါစေ ကြောင်းဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

(အေဘယ်တွိဒ်)

ပါတီဥက္ကဋ္ဌ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

နေ့စွဲ။ ။၂၀၂၁ခုနှစ်၊ ဇွန်လ (၂၁) ရက်